တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၄၆

| | | | |
|---|---|---|---|
| ၁။ ဦးကိုကိုကြီး(ခ) ဦးစိုးနိုင် | နှင့် | ၁။ ခုံသမာဓိကောင်စီ | ၂။ ခုံသမာဓိအဖွဲ့ |
| | | ၃။ ဒေါ်အေးအေးအောင် | ၄။ ဒေါ်နီနီနွယ် |
| ၂။ ဦးထွဋ်မြတ်ရှိန် | | ၅။ ဒေါ်ကြည်ကြည်လှဲ | ၆။ ဒေါ်ခင်သူမြင့် |
| ၃။ ဒေါ်ရတနာဦး | | ၇။ ဦးမိုးကျော်သူ | ၈။ ဦးအောင်ကိုဦး |
| (လျှောက်ထားသူ | | ၉။ ဒေါ်ခင်ဝင်းမြင့် | ၁၀။ ဒေါ်စုစုကြင် |
| ၂၊ ၃ ကိုယ်တိုင်နှင့် | | ၁၁။ ဒေါ်ဝင်းဝင်းမာ | ၁၂။ ဒေါ်မိုးမိုးမြင့် |
| လျှောက်ထားသူ-၁၏ | | ၁၃။ ဒေါ်ဝါဝါလွင် | ၁၄။ ဒေါ်သန်းသန်းအေး |
| တရားရုံးကိုယ်စား | | ၁၅။ ဒေါ်ခင်ခင်ဝင်း | ၁၆။ ဒေါ်ဘေဘီမျိုးပပဟန် |
| လှယ်စာရရှိသူများ) | | ၁၇။ ဒေါ်သိန်းသိန်းရီ | ၁၈။ ဒေါ်အေးအေးသိန်း |
| | | ၁၉။ ဒေါ်ခင်ဆွေဆွေဦး | ၂၀။ ဒေါ်သန်းသန်းရွှေ |
| | | ၂၁။ ဒေါ်နိုင်နိုင်ဝင်း | ၂၂။ ဒေါ်သူဇာမြင့် |
| | | ၂၃။ ဦးနိုင်ဝင်းဖော် | ၂၄။ ဦးအောင်သန်းထူး |
| | | ၂၅။ ဦးကျော်ကျော် | ၂၆။ ဦးမောင်နု |
| | | ၂၇။ ဒေါ်တင်တင်ရှိန် | ၂၈။ ဒေါ်စန်းစန်းမော် |
| | | ၂၉။ ဒေါ်မြမြညွန့် | ၃၀။ ဦးမင်းဇော်ထွန်း |
| | | ၃၁။ ဦးစိုးနိုင် | ၃၂။ ဒေါ်စီစီအောင် |
| | | ၃၃။ ဒေါ်ဖြူဖြူဝင်း | ၃၄။ ဒေါ်ချစ်ချစ်ဝေ |
| | | ၃၅။ ဒေါ်ခင်မာကြူ | ၃၆။ ဒေါ်နွဲ့နွဲ့အေး |
| | | ၃၇။ ဒေါ်တင်တင်မြင့် | ၃၈။ ဒေါ်ခင်မေဦး |
| | | ၃၉။ ဒေါ်ချိုချိုဝင်း | ၄၀။ ဒေါ်ခင်ခင်ဥ |
| | | ၄၁။ ဒေါ်မြရွှေ | ၄၂။ ဒေါ်သီသီစိန် |
| | | ၄၃။ ဒေါ်ကျင်ကျင်မြ | ၄၄။ ဒေါ်မြင့်မြင့်ရီ |
| | | ၄၅။ ဒေါ်ရီရီဝင်း | ၄၆။ ဒေါ်မိုးမိုးသိန်း |
| | | ၄၇။ ဒေါ်လှလှအေး | ၄၈။ ဒေါ်မိမိရီ |
| | | ၄၉။ ဒေါ်အေးအေးမော် | ၅၀။ ဒေါ်မြင့်မြင့်မော် |
| | | ၅၁။ ဒေါ်ပြုံး | ၅၂။ ဒေါ်သီတာအောင် |
| | | ၅၃။ ဒေါ်ခင်စန်းမြင့် | ၅၄။ ဒေါ်သန်းသန်းမော် |
| | | ၅၅။ ဒေါ်အေးအေးဝင်း | ၅၆။ ဒေါ်ခင်မာရီ |
| | | ၅၇။ ဒေါ်မိုးမိုးဝင်း | ၅၈။ ဒေါ်အေးအေးသန့် |

| | |
|---|---|
| ၅၉။ ဒေါ်မြမြမွန် | ၆၀။ ဒေါ်မြင့်မြင့်သန်း |
| ၆၁။ ဒေါ်မြဆွေ | ၆၂။ ဒေါ်ဝင်း |
| ၆၃။ ဒေါ်မြင့်ခင် | ၆၄။ ဒေါ်ဌေးဌေးမြိုင် |
| ၆၅။ ဒေါ်စိန်သန်း | ၆၆။ ဦးထွေးသိန်း |
| ၆၇။ ဒေါ်အေးအေးဝင်း | ၆၈။ ဒေါ်အုန်းမြင့်ကြည် |
| ၆၉။ ဒေါ်သန်းသန်းဝင်း | ၇၀။ ဒေါ်မြမြသန်း |
| ၇၁။ ဒေါ်ခင်မာဆွေ | ၇၂။ ဒေါ်သန်းသန်းဌေး |
| ၇၃။ ဒေါ်တင်တင်စိုး | ၇၄။ ဒေါ်ခင်ပြုံး |
| ၇၅။ ဒေါ်နီနီအောင် | ၇၆။ ဒေါ်ခင်သန်းရီ |
| ၇၇။ ဒေါ်လှလှသန်း | ၇၈။ ဒေါ်ယဉ်ယဉ်နု |
| ၇၉။ ဒေါ်သန်းသန်းဝေ | ၈၀။ ဒေါ်မြင့်မြင့်ဝေ |
| ၈၁။ ဒေါ်ကြူကြူဝင်း | ၈၂။ ဒေါ်သိန်းနွဲ့ |
| ၈၃။ ဒေါ်ဝင်းကြည် | ၈၄။ ဒေါ်တင်တင်စိန် |
| ၈၅။ ဒေါ်ဌေးဌေးမြင့် | ၈၆။ ဒေါ်ခင်ဝင်းမော် |
| ၈၇။ ဒေါ်သက်သက် | ၈၈။ ဒေါ်သီတာ |
| ၈၉။ ဒေါ်ခင်ကြူမြင့် | ၉၀။ ဒေါ်စန္ဒာဝင်း |
| ၉၁။ ဒေါ်တင်အေး | ၉၂။ ဒေါ်သန္တာမြင့် |
| ၉၃။ ဒေါ်မြင့်မြင့်စိန် | ၉၄။ ဒေါ်ကြွယ်ကြွယ်မော် |
| ၉၅။ ဒေါ်ဝင်းသန္တာစိုး | ၉၆။ ဒေါ်သင်းသင်းအောင် |
| ၉၇။ ဒေါ်ခင်မာချို | ၉၈။ ဒေါ်ခင်သန်းမြင့် |
| ၉၉။ ဒေါ်ခင်သက်မော် | ၁၀၀။ ဒေါ်နီ |
| ၁၀၁။ ဒေါ်နွယ်နွယ်ဦး | ၁၀၂။ ဒေါ်ခင်စုမြင့် |
| ၁၀၃။ ဒေါ်ယုဝါလှိုင် | ၁၀၄။ ဒေါ်တင်တင်ထွေး |
| ၁၀၅။ ဒေါ်အုန်းညွန့် | ၁၀၆။ ဒေါ်အေးအေးမူ |
| ၁၀၇။ ဒေါ်သီသီနိုင် | ၁၀၈။ ဒေါ်တင်တင်မြ |
| ၁၀၉။ ဒေါ်အုန်းလှ | ၁၁၀။ ဒေါ်အေးနွဲ့နွဲ့ကြည် |
| ၁၁၁။ ဒေါ်မြမြမိုး | ၁၁၂။ ဒေါ်ကြူကြူသင်း |
| ၁၁၃။ ခင်စိုးတင့် | ၁၁၄။ ဒေါ်ခင်ညို |
| ၁၁၅။ ဒေါ်ခင်သိန်းမြင့် | ၁၁၆။ ဒေါ်ခင်မြင့်ရှိန် |
| ၁၁၇။ ဒေါ်လှလှမော် | ၁၁၈။ ဒေါ်ခင်ရှင် |
| ၁၁၉။ ဒေါ်ခင်ဌေးဌေးမြင့် | ၁၂၀။ ဒေါ်မိဌေးကြည် |
| ၁၂၁။ ဒေါ်ကြူကြူခင် | ၁၂၂။ ဒေါ်ယဉ်ယဉ်ချို |
| ၁၂၃။ ဒေါ်ခိုင်ဇာဦး | ၁၂၄။ ဒေါ်ခင်စန်းရီ |
| ၁၂၅။ ဦးဇော်ဝင်း | ၁၂၆။ ဒေါ်အေးအေးချို |
| ၁၂၇။ ဒေါ်မိစန်းစန်းမြင့် | ၁၂၈။ ဒေါ်ခင်စန်းဝေ |
| ၁၂၉။ ဒေါ်သန်းလှ | ၁၃၀။ ဒေါ်ချောစုစုလိုင်း |
| ၁၃၁။ ဒေါ်မေဇင်ဦး | ၁၃၂။ ဒေါ်တင်တင်ဝင်း |
| ၁၃၃။ ဒေါ်မြင့်ကြည် | ၁၃၄။ ဒေါ်ဇင်ဇင်ထွေး |

(လျှောက်ထားခံရသူ ၃ ကိုယ်တိုင်နှင့် လျှောက်ထားခံရသူ ၄ မှ ၁၃၄ အတွက် ကိုယ်စားလှယ်စာရသူ)

လျှောက်ထားသူများ

လျှောက်ထားခံရသူများ

| | | |
|---|---|---|
| လျှောက်ထားသူများအတွက် | - | (ကိုယ်တိုင်) |
| လျှောက်ထားခံရသူအမှတ် (၁၊ ၂)အတွက် | - | ဒေါ်ယုယုခင်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူအမှတ် (၃မှ ၆၂၊ ၆၄ မှ ၁၀၅၊ ၁၀၇ မှ ၁၃၄)အတွက် | - | ဦးမောင်မောင်စိုး၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအမှတ် (၆၃ နှင့် ၁၀၆)အတွက် | - | ကိုယ်တိုင်(မလာ) |

## အမိန့်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

Capital Development Limited နှင့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့သည် ဒေါပုံကော်ဓာပစ္စည်းစက်ရုံအား ၂၇-၁၂-၂၀၁၁ ရက်နေ့တွင် ငှားရမ်းခြင်းသဘောတူစာချုပ်ကိုချုပ်ဆိုပြီး လျော်ကြေးပင်စင်ဝန်ထမ်း ၂၉၈ ဦးဖြင့်လုပ်ကိုင်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဧပြီလမှစ၍ ကုန်ကြမ်းရရှိမှုခက်ခဲသဖြင့် ကုန်ထုတ်လုပ်မှုရပ်နားခဲ့ရကြောင်း၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ဝန်ထမ်းဦးရေ ၁၈၇ ဦးမှ ၂၅ ဦးချန်လှပ်၍ ၁၆၂ ဦး လျော့ချမည်ဖြစ်ကြောင်းကို ၃၀-၈-၂၀၁၆ နေ့ကကြိုတင်အကြောင်းကြားခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အလုပ်ရုံအလုပ်သမားစစ်ဆေးရေးနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့တွင် အလုပ်ရှင်၏ကိုယ်စားလှယ်နှင့်အလုပ်သမားကိုယ်စားလှယ် အလုပ်သမားသမဂ္ဂခေါင်းဆောင်ဒေါ်အေးအေးအောင်တို့ ညှိနှိုင်းဖြန်ဖြေမှု ၃ ကြိမ်ပြုလုပ်ပြီး နစ်နာကြေးရယူ၍ အနားယူလိုသူ ၂၇ ဦးကို လုပ်သက်နစ်နာကြေး ၄ လစာ၊ ၃ နှစ်စာခွင့်လက်ကျန်ဆုကြေး၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ လစာ၊ ဂရုဏာကြေးတစ်ဦးလျှင်ငွေကျပ် ၇ သိန်းပေးအပ်ခဲ့ကြောင်း၊ ဒေါ်အေးအေးအောင်ပါအလုပ်သမား ၁၃၄ ဦးက အလုပ်အကိုင်အခွင့်အလမ်းကိုသာ တောင်းဆိုသဖြင့် ခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်လက်ခံမည်ဟုသဘောတူကြသဖြင့် ခုံသမာဓိအဖွဲ့သို့ တက်ရောက်ခဲ့ရာ ထိုအချိန် မတိုင်မီက ၂ ဦးမှာနစ်နာကြေးရယူလိုကြောင်း တင်ပြ၍ပေးအပ်ခဲ့ကြောင်း၊ အလုပ်သမား ၁၃၂ ဦးတက်ရောက်၍ အဆုံးအဖြတ်ခံယူရာတွင် ခုံသမာဓိအဖွဲ့ အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၆ ကို ၂၁-၁၁-၂၀၁၆ ရက်နေ့ကဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို ပြန်လည်စိစစ်ဆုံးဖြတ်ရန် ခုံသမာဓိကောင်စီသို့တက်ရောက်ရာ ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ် ၈၈/၂၀၁၆ ကို၂၆-၀၂-၂၀၁၇ နေ့ကဆုံးဖြတ်ခဲ့ကြောင်း၊ ခုံသမာဓိကောင်စီက ဒေါ်အေးအေးအောင်ပါ-၁၃၂ ဦးအား မူလ ရာထူးသို့မဟုတ် မူလရာထူးတွင်ရရှိသည့် လစာထက်မနိမ့်ကျသော အလုပ်အကိုင်ရာထူးနေရာ တွင် မူလဒေါပုံပစ္စည်းကော်ဓာစက်ရုံအတွင်းရှိ ကုမ္ပဏီ၏အခြားလုပ်ငန်းဌာနများတွင် ဆုံးဖြတ်သည့်နေ့မှစ၍(၇) ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ရပ်စဲခံရသည့်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလနစ်နာကြေးထုတ်ပေး၍ ဆုံးဖြတ်ခဲ့ခြင်းမှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်စာအမှတ် ၄၃/ အလ/ခွဲ(၂)၂၀၁၃ အရ အလုပ်ရပ်စဲမှုဆိုင်ရာဆောင်ရွက်ရန် ညွှန်ကြားချက်နှင့်ဆန့်ကျင်သည့်အပြင် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၃၅၊ ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅(ဃ) နှင့်အညီ ကုမ္ပဏီက အလုပ်ရပ်စဲခံရသော ဝန်ထမ်းများအား နစ်နာကြေးပေးခြင်းမှာ ဥပဒေနှင့်ကိုက်ညီမှုမရှိကြောင်း၊ ခုံသမာဓိကောင်စီ ဆုံးဖြတ်ချက်အား ဥပဒေနှင့်မညီသောကြောင့် အမှုခေါ်စာချွန်တော်အမိန့်ဖြင့်

ပယ်ဖျက်ပေးရန် Capital Development Limited ၏ အလုပ်ရှင် ဦးကိုကိုကြီး(ခေါ်) ဦးစိုးနိုင်၊ ဌာနမှူးဦးထွန်းမြတ်ရှိန်နှင့် ဝန်ထမ်းရေးရာမန်နေဂျာ ဒေါ်ရတနာဦးတို့က လျှောက်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၆ တွင် (က) အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၅ အရ နစ်နာကြေးရယူခဲ့သည့် ဝန်ထမ်း ၁၈ ဦးကဲ့သို့ နစ်နာကြေးရယူလိုသူရှိပါက ဆက်လက်ထုတ်ပေးရန်၊ (ခ) ဒေါ်အေးအေးအောင်ပါ ဝန်ထမ်း ၁၃၂ ဦးအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အရ ဆက်လက်လုပ်ကိုင်မည့်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များ လေ့ကျင့်သင်ကြားပေးပြီး ဆက်လက်ဝင်ရောက်လုပ်ကိုင်ခွင့်ပြုရန်၊ (ဂ) ဒေါ်အေးအေးအောင်ပါ ဝန်ထမ်း ၁၃၂ ဦးအား မူလရာထူး၊ မူလလစာနှုန်း၊ မူလလုပ်သက်မပျက်ဖြင့် ဆုံးဖြတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန်၊ (ဃ) အလုပ်ရပ်စဲသည့်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလနစ်နာကြေးထုတ်ပေးရန်၊ (င)အလုပ်သမားများအနေဖြင့် လုပ်ငန်းသစ်အတွက် လေ့ကျင့်သင်ကြားချိန်နှင့် လုပ်ငန်းခွင်ဝင်ရောက်ချိန်အတွင်း ဆက်လက်လုပ်ကိုင်ရန်ဆန္ဒမရှိသူများအား ဥပဒေနှင့်အညီနစ်နာကြေးများခံစားခွင့်ပြုရန်ဆုံးဖြတ်ခဲ့သည်ကို လျှောက်ထားသူက မကျေနပ်သဖြင့် ခုံသမာဓိကောင်စီသို့ တက်ရောက်အဆုံးအဖြတ်ခံယူရာတွင် ခုံသမာဓိကောင်စီက လျှောက်ထားသူအပေါ် ပိုမိုနစ်နာစေရာရောက်သည့် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် တည်ဆဲ အလုပ်သမားဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိမရှိ အကြောင်းပြစေရန်အတွက် လျှောက်ထားခံရသူများထံ အကြောင်းကြားစာထုတ်ဆင့်ရန် ကနဦးအမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူအမှတ် ၁ နှင့် ၂ တို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ညွှန်ကြားရေးမှူးက ဒေါ်ပုံကော်ဖော်ပစ္စည်းစက်ရုံအား Capital Development Limited သို့ ငှားရမ်းရေးသဘောတူစာချုပ်ကို ၂၇-၁၂-၂၀၁၁ နေ့ကချုပ်ဆိုရာတွင် စက်ရုံတည်ရှိရာမြေဧရိယာ ၃၉.၈၃၉ ဧက မြေပေါ်တွင် ပင်မစက်ရုံ၊ စက်ရုံပစ္စည်းများ၊ အဆောက်အဦများ၊ ဝန်ထမ်းအိမ်ယာအဆောက်အအုံများအားလုံးကို ငှားရမ်းထားခြင်းဖြစ်ကြောင်း၊ စာချုပ်အပိုဒ် ၅(ဓ) တွင် အငှားချထားခြင်းခံရသူသည် ၎င်း၏စီးပွားရေးအရ တွက်ခြေကိုက်နိုင်သော လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရာတွင် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်ဟုပါရှိသော်လည်း လျှောက်ထားသူများက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၆-၁-၂၀၁၆ ရက်စွဲပါခွင့်ပြုမိန့်ဖြင့် အခြားလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅(ဃ) အရ သတ်မှတ်ကာလထက်စော၍ လုပ်ငန်းပြီးဆုံးသွားလျှင်သော်လည်းကောင်း၊ မမျှော်လင့်သောအကြောင်းကြောင့် လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကိုဖြစ်စေ ရပ်စဲလိုက်ရလျှင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန်ကိစ္စပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်သမားများအား သတ်မှတ်ထားသောနစ်နာကြေးပေးရန်ဟု ပြဋ္ဌာန်းသည့်ပြင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၅ ဖြင့် အလုပ်မှရပ်စဲခံရသောအလုပ်သမားများနှင့်ပတ်သက်၍ အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို သတ်မှတ်ခဲ့၍ လျှောက်ထားသူကုမ္ပဏီက အလုပ်ရပ်စဲခံရသော အလုပ်သမားများကို ထိုက်သင့်သောလုပ်သက်နစ်နာကြေး၊ ခွင့်စုကြေးနှင့် ဂရုဏာကြေးများပေးအပ်ခဲ့ခြင်းမှာ အဆိုပါအမိန့်ကြော်ငြာစာနှင့်ညီကြောင်း၊ ၂၅-၁၁-၂၀၁၅

ရက်စွဲပါ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်သဘောတူညီချက်အပိုဒ် ၂ တွင် ပင်မစက်ရုံအတွင်း Distribution Centre နှင့် အခြားလုပ်ငန်းများဆောင်ရွက်သည့်အခါ သင့်တော်သည့်နေရာများ၌ လိုအပ်သည့် အရေအတွက်အတိုင်းခန့်ထားပေးရန်၊ လုံလောက်မှုမရှိပါက ကျန်ရှိသည့်ဝန်ထမ်းများအား ဤစက်ရုံဝင်းအတွင်း၌ ထပ်မံဆောင်ရွက်မည့်လုပ်ငန်းများတွင် လိုအပ်သလိုခန့်ထားပေးရန် ဖော်ပြပါရှိကြောင်း၊ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅(က) အရ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့သည် တည်ဆဲအလုပ်သမားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်ချက်နှင့် သာဓကများကို အကိုးအကားပြု၍ အလုပ်ရှင်အလုပ်သမားနှစ်ဖက်မျှတစေရန် အလုပ်ရှင်က အလုပ်သမား၏မူလရာထူး သို့မဟုတ် အခြားသင့်လျော်သောရာထူးတစ်ခုခုကို ပြန်လည်ခန့်အပ်စေရန် ဆုံးဖြတ်ချက်ချနိုင်ကြောင်း၊ ခုံသမာဓိကောင်စီက ဒေါ်အေးအေးအောင်ပါဝန်ထမ်း ၁၃၂ ဦးအား မူလရာထူး သို့မဟုတ် မူလနေရာတွင်ရရှိသည့် လစာထက်မနိမ့်ကျသော အလုပ်အကိုင်ရာထူးနေရာတွင် မူလဒေါ်ပုံကော်ဖောပစ္စည်းစက်ရုံဝင်းအတွင်းရှိ ကုမ္ပဏီ၏ အခြားလုပ်ငန်းဌာနများတွင် ဆုံးဖြတ်သည့်နေ့မှစ၍ ၇ ရက်အတွင်း ပြန်လည်ခန့်ထားရန်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီကြောင်း၊ ကုမ္ပဏီသည် ကော်ဖောစက်ရုံလုပ်ငန်းနှင့်ပတ်သက်၍ ကုန်ကြမ်းရရှိမှုအခက်အခဲကြောင့် ကုန်ထုတ်လုပ်မှုရပ်နားခဲ့သော်လည်း ၂၆-၁-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် အခြားလုပ်ငန်းများလုပ်ကိုင်ခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်အရပ်ဒေသမှာ အချင်းဖြစ်စက်ရုံမြေနေရာကို ဖော်ပြထားကြောင်းတွေ့ရှိ၍ အလုပ်သမား ၁၃၂ ဦးကို မူလဒေါ်ပုံကော်ဖောစက်ရုံဝင်းအတွင်းရှိ ကုမ္ပဏီ၏အခြားလုပ်ငန်းဌာနများတွင်အလုပ်ပြန်လည်ခန့်ထားရန်ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်သည် လျှောက်ထားသူကုမ္ပဏီအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်စေနိုင်သည်ဆိုသောအကြောင်းပြချက်မှာ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ လျှောက်ထားသူများက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးက ထုတ်ပြန်သောအမှတ် ၄၃-အလ/ခွဲ(၂)၂၀၁၃ အလုပ်ရပ်စဲမှုဆိုင်ရာ ဆောင်ရွက်ရန်ညွှန်ကြားချက်ကို တင်ပြ၍ ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်သည် ယင်းညွှန်ကြားချက်နှင့်ဆန့်ကျင်ကြောင်း တင်ပြထားသော်လည်း ယင်းညွှန်ကြားချက်၌ စာအမှတ်၊ ရက်စွဲ ပြည့်စုံစွာပါရှိခြင်းမရှိ၍ တရားဝင်ညွှန်ကြားချက်ဟုမမှတ်ယူနိုင်ကြောင်း၊ ခုံသမာဓိကောင်စီနှင့် ခုံအဖွဲ့တို့၏ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိသည့်အပြင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ လူမှုရေး တရားမျှတမှု သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်စေရေးအပေါ်အခြေခံပြီး ဆုံးဖြတ်ထားကြောင်းတွေ့ရှိရသဖြင့် အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်လျှောက်ထားမှုအား လက်ခံရန်မသင့်ကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူအမှတ် ၃ မှ ၆၂၊ ၆၄ မှ ၁၀၅နှင့် ၁၀၇ မှ ၁၃၄ တို့၏ရှေ့နေက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် ဒေါ်ပုံကော်ဖောစက်ရုံအား Capital Development Limited မှ ၂၇-၀၂-၂၀၁၁ ရက်နေ့တွင်စတင်ငှားရမ်းစဉ်က စက်ရုံအလုပ်သမားများသည် လျော်ကြေးပင်စင်ယူ၍ ပုဂ္ဂလိကဝန်ထမ်းအဖြစ်ပြောင်းလဲ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အလုပ်ရှင်ဘက်မှ ကုန်ကြမ်းရရှိမှုအခက်အခဲကိုအကြောင်းပြကာ ၃၀-၉-၂၀၁၆ ရက်နေ့တွင် စုစုပေါင်းဝန်ထမ်း ၁၈၇ ဦးမှ ၂၅ ဦးကိုဆက်လက်ခန့်ထားပြီး ၁၆၂ ဦးအား အင်အားလျှော့ချမည်ဟု ၃၀-၈-၂၀၁၆ ရက်နေ့က အကြောင်းကြားခြင်းအပေါ် အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနနှင့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်၌ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်တို့ ညှိနှိုင်းဖျန်ဖြေမှုပြုလုပ်ရာ နစ်နာကြေးမယူဘဲ အလုပ်အကိုင်အခွင့်အလမ်းကို သာရယူလိုသူ ၁၃၄ ဦးက ခုံသမာဓိအဖွဲ့၏အဆုံးအဖြတ်ကိုခံယူမည်ဟု သဘောတူခဲ့ကြောင်း၊

ခုံသမာဓိအဖွဲ့သို့တက်ရောက်စဉ် ၂ ဦးမှာ နစ်နာကြေးယူသွားသဖြင့် ၁၃၂ ဦးမှာ အဆုံးအဖြတ်ခံယူခဲ့ကြောင်း၊ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ ထပ်မံလျှောက်ထားခဲ့ကြောင်း၊ ဒေါ်အေးအေးအောင်ပါ ဝန်ထမ်း ၁၃၂ ဦးအား မူလရာထူး သို့မဟုတ် မူလ လစာထက်မနိမ့်သောရာထူးနေရာတွင် မူလ ဒေါ်ပုံကော်ဖောစက်ရုံဝင်းအတွင်းရှိ ကုမ္ပဏီ၏ အခြားလုပ်ငန်းဌာနများတွင် ဆုံးဖြတ်သည့်နေ့မှစ၍(၇)ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးထုတ်ပေးရန်ဆုံးဖြတ်ခဲ့ကြောင်း၊ ၂၇-၁၂-၂၀၁၁ နေ့က လျှောက်ထားသူကုမ္ပဏီသည် ဒေါ်ပုံကော်ဖောပစ္စည်းစက်ရုံအား နှစ် (၃၀) စာချုပ်ဖြင့် ငှားရမ်းဆောင်ရွက်ခဲ့ရာတွင် ကုမ္ပဏီမှတိုးမြှင့်ပေးသောလစာသည် နိုင်ငံတော်နှင့်တပြေးညီမဟုတ်သော်လည်း အလုပ်သမားများက နားလည်လက်ခံခဲ့ကြောင်း၊ နိုင်ငံတော်မှ အနိမ့်ဆုံးလုပ်ခလစာနှုန်းထားများ သတ်မှတ်ပြီး အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုရမည်ဟု သတ်မှတ်သဖြင့် ကုမ္ပဏီသည် ဝန်ထမ်းများနှင့် ၁-၁၀-၂၀၁၅ မှ ၃၀-၉-၂၀၁၆ ရက်နေ့ထိ (၁)နှစ်သက်တမ်းသဘောတူချုပ်ဆိုခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် အလုပ်ရှင်ကိုယ်စားလှယ်မှ စက်ရုံကုန်ကြမ်းရရှိမှုအခက်အခဲအပေါ် မူတည်ပြီး မူလလုပ်ငန်းဆက်လက်လုပ်ကိုင်ရန်အစီအစဉ်မရှိဘဲ အခြားအမြတ်ရသည့်စီးပွားရေးလုပ်ငန်းကို ပြုလုပ်မည်ဖြစ်၍ ကုန်ထုတ်စက်များသိမ်းဆည်းပြီး ဝန်ထမ်းများကို ပိုမိုကောင်းမွန်သော လစာအလုပ်အကိုင်အခွင့်အလမ်းပေးမည်ဟုပြောသဖြင့် ၂၇-၁၁-၂၀၁၅ ရက်နေ့တွင် အလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီချက်ပြုလုပ်ချုပ်ဆိုခဲ့ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရန်နှင့် နိုင်ငံတော်အထောက်အကူပြုမည့် အခြားစီးပွားရေးလုပ်ငန်းများ ပြောင်းလဲလုပ်ပိုင်ခွင့်ပြုရန်ဟုဖော်ပြ၍ ရန်ကုန်တိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဌာနသို့ လျှောက်ထားခဲ့ကြောင်း၊ အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီစာချုပ်သည် ၃၀-၉-၂၀၁၆ နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း သက်တမ်းမကုန်ဆုံးမီ ၃၀-၈-၂၀၁၆ ရက်နေ့တွင် လုပ်သားအင်အားလျှော့ချခြင်းမှာ အဆိုပါသဘောတူစာချုပ်ကို တမင်ချိုးဖောက်ရာရောက်ကြောင်း၊ ခုံသမာဓိကောင်စီမှ ချမှတ်ထားသော ၂၆-၁၂-၂၀၁၆ ရက်စွဲပါဆုံးဖြတ်ချက်အတိုင်း အလုပ်ရှင်ဘက်မှလိုက်နာဆောင်ရွက်ခြင်းမရှိသေးဘဲ စာချွန်တော်အမိန့် လျှောက်ထားခြင်းဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အား အမှုခေါ်စာချွန်တော်ထုတ်ဆင့်၍ ပယ်ဖျက်ရန် လိုအပ်မည်မဟုတ်ကြောင်း လျှောက်လဲသည်။

လျှောက်ထားခံရသူအမှတ် ၆၃ ဒေါ်မြင့်ခင်နှင့် အမှတ် ၁၀၆ ဒေါ်အေးအေးမူတို့သည် ပြန်ကြားအစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာတို့ကို တင်သွင်းခြင်းမရှိသည့်အပြင် ရုံးရှေ့သို့လာရောက်ခြင်းမရှိပေ။

လျှောက်ထားသူများဘက်မှ လျှောက်လဲတင်ပြရာတွင် ဒေါ်ပုံကော်ဖောပစ္စည်းစက်ရုံငှားရမ်းဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဧပြီလမှစ၍ ကုန်ကြမ်းရရှိမှုအခက်အခဲကြောင့် ကုန်ထုတ်လုပ်မှုရပ်နားခဲ့ကြောင်း၊ ကုန်ကြမ်းရရှိမှုအခက်အခဲကြောင့် လုပ်သားအင်အားလျှော့ချမှုကို ၃၀-၉-၂၀၁၆ ရက်နေ့တွင်ဆောင်ရွက်ရန် (၁)လကြိုတင်၍ ၃၀-၈-၂၀၁၆ ရက်နေ့က ကြိုတင်အကြောင်းကြားစာဖြင့်အသိပေးခဲ့ကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းမှုပြီးစီးချိန်၌နစ်နာကြေးရယူလိုသူတို့အား အလုပ်သမားဥပဒေ၊ နည်းဥပဒေပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်သက်နစ်နာကြေး(၄)လစာ၊ (၃)နှစ်စာ ခွင့်လက်ကျန်စုကြေး၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ လစာနှင့် ကုမ္ပဏီမှပေးအပ်သော ဂရုဏာကြေးအပါအဝင်၊ နစ်နာကြေးများကို ပေးအပ်ခဲ့ကြောင်း၊ ကုန်ကြမ်းရရှိမှုအခက်အခဲကြောင့် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ

အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေနှင့်အညီ အလုပ်ရှင်ဘက်မှ တိကျစွာလိုက်နာဆောင်ရွက်ခဲ့ခြင်းအပေါ် ခုံသမာဓိကောင်စီမှ လုပ်အင်အားလျှော့ချ၍ အလုပ်ရပ်စဲမှုနစ်နာကြေးပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိဟုဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ မူလခုံသမာဓိအဖွဲ့ကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်(၅)ရပ်သည် လိုက်နာရန်ခက်ခဲသည့်အပြင် ယင်းဆုံးဖြတ်ချက်အပေါ် ခုံသမာဓိကောင်စီသို့တက်ရောက်၍ အဆုံးအဖြတ်ခံယူရာ၌ မူလဆုံးဖြတ်ချက်(၅) ရပ်ထက်ပိုမို၍လိုက်နာရန်ခက်ခဲသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ခြင်းမှာ အဆိုပါနည်းဥပဒေအပိုဒ် ၂၅(က) ထက်ကျော်လွန်ပြီး ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ "မူလဒေါပုံကော်ဇောပစ္စည်းစက်ရုံဝင်းအတွင်းရှိ" ဟု နေရာညွှန်ပြဆုံးဖြတ်ခြင်းသည် အလုပ်ရှင်အနေဖြင့် များစွာနစ်နာကြောင်း စက်ရုံကုန်ကြမ်းရရှိမှုအခက်အခဲကြောင့် စက်မလည်ပတ်နိုင်သည့်အခြေအနေတွင် မူလရာထူးနေရာ၌ မည်သို့မျှလုပ်ကိုင်ဆောင်ရွက်နိုင်သော အခြေအနေမရှိကြောင်း၊ စက်ရုံမလည်ပတ်နိုင်သည့်အချိန်က အလုပ်သမားများကို ကုမ္ပဏီလက်အောက်ရှိအခြားစက်ရုံများတွင် အလုပ်လုပ်ကိုင်ရန်ကမ်းလှမ်းခဲ့သော်လည်း အလုပ်သမားများက စက်ရုံပြောင်းရန်အခက်အခဲရှိကြောင်းကို အလုပ်သမားကိုယ်စားလှယ်ဒေါ်အေးအေးအောင်က ပြောကြားခဲ့ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားတစ်ဖက်ဖက်သည် မိမိ၏နစ်နာချက်နှင့်စပ်လျဉ်း၍ တစ်ဦးချင်းအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်ပြီး အဆိုပါအဖွဲ့က သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖျန်ဖြေပေးမှုကိုမကျေနပ်ပါက စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့လျှောက်ထားနိုင်ကြောင်းကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားကြောင်း၊ အဆိုပါနည်းဥပဒေ ၁၂(က)တွင် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှဖျန်ဖြေရာတွင် ပြေငြိမ်းမှုမရရှိသော တစ်ဦးချင်းအငြင်းပွားမှုနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လျှောက်ထားနိုင်ကြောင်းကို အငြင်းပွားသူများထံအသိပေးအကြောင်းကြားရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ အမှုတွဲလွှဲပြောင်းပေးပို့ခြင်းသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှုမရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ဆုံးဖြတ်ချက်နှင့် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်များကို ပယ်ဖျက်ပေးပါရန်နှင့် ပြဋ္ဌာန်းဥပဒေပါအတိုင်း လုပ်သားအင်အားလျှော့ချနိုင်သည့် ပြင်ဆင်သည့်အမိန့်တစ်ရပ်ချမှတ်ပေးပါရန်လျှောက်လဲသည်။

Capital Development Limited နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာနတို့သည် ၂၇-၀၂-၂၀၁၁ ရက်နေ့က ဒေါပုံကော်ဇောပစ္စည်းစက်ရုံငှားရမ်းရေး သဘောတူစာချုပ် ချုပ်ဆို၍နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်သည်။ ယင်းသို့လုပ်ကိုင်ရာတွင် မူလကစက်ရုံရှိလျော်ကြေးပင်စင်ရဝန်ထမ်း ၂၉၈ ဦးဖြင့်လုပ်ကိုင်ခဲ့ပြီး ကုန်ကြမ်းရရှိမှုအခက်အခဲကြောင့် ကုန်ထုတ်လုပ်မှုရပ်နားခဲ့ကြောင်း၊ ၃၀-၈-၂၀၁၆ ရက်နေ့တွင် ဝန်ထမ်း ၁၈၇ ဦးမှ ၂၅ ဦး ချန်လှပ်၍ လုပ်သားအင်အား ၁၆၂ ဦးကို ၃၀-၉-၂၀၁၆ နေ့တွင်လျှော့ချမည်ဟု ၁ လကြိုတင် အကြောင်းကြားခဲ့ရာ နစ်နာကြေးမယူသည့်အလုပ်သမား ၁၃၂ ဦးခန့် အလုပ်အကိုင်အခွင့်အလမ်း တောင်းဆိုသဖြင့် ညှိနှိုင်းဖျန်ဖြေမှုပြုလုပ်သော်လည်း ပြေငြိမ်းမှုမရသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ခံယူခဲ့ကြသည်။

လျှောက်ထားသူဘက်မှ ယခုအမှုသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂(ပ) တွင်ဖော်ပြထားသော တစ်ဦးချင်းအငြင်းပွားမှုဖြစ်ကြောင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေပေးမှုကိုမကျေနပ်ပါက အဆိုပါဥပဒေပုဒ်မ ၂၃ အရ မကျေနပ်သူသည် စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့လျှောက်ထားနိုင်ပါလျက် ခုံသမာဓိအဖွဲ့သို့ အမှုတွဲလွှဲပြောင်းပေးပို့ခြင်း

သည် အဆိုပါဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်းတင်ပြသော်လည်း ယခုဖြစ်ပွားသောအမှုသည် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့များအကြား ဝန်ထမ်းအင်အားလျှော့ချခြင်းခံရသူ ၁၃၂ ဦးက အလုပ်အကိုင်အခွင့်အလမ်းကိုသာ တောင်းဆိုသည့် အငြင်းပွားမှုဖြစ်၍ တစ်ဦးချင်းအငြင်းပွားမှုမဟုတ်ဘဲ စုပေါင်းအငြင်းပွားမှုသာဖြစ်သောကြောင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၃ အရဆောင်ရွက်ရန်မဟုတ်ပေ။

ခုံသမာဓိ အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၆ တွင် နစ်နာကြေးရယူလိုသူ ရှိကဆက်လက်ထုတ်ပေးရန်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အရ ဆက်လက်လုပ်ကိုင်မည့်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည့်လေ့ကျင့်သင်ကြားမှုပေးပြီးဆက်လက်ဝင်ရောက်လုပ်ကိုင်မှုပြုရန်၊ မူလရာထူး၊ မူလလစာနှုန်း၊ မူလလုပ်သက်မပျက်ပြန်လည်ခန့်ထားရန်၊ ကြားကာလနစ်နာကြေးပေးရန်၊ လေ့ကျင့်သင်ကြားခြင်းနှင့် လုပ်ငန်းခွင်ဆက်လက်လုပ်ကိုင်ရန်ဆန္ဒမရှိသူအား ဥပဒေနှင့်အညီ နစ်နာကြေးခံစားခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။

ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို အလုပ်ရှင်ဘက်မှ ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ အငြင်းပွားမှုအမှတ် ၈၈/၂၀၁၆ ဖြင့် လျှောက်ထားရာ ဒေါ်အေးအေးအောင်ပါ-ဝန်ထမ်း ၁၃၂ ဦးအား မူလရာထူး သို့မဟုတ် မူလလစာထက်မနိမ့်ကျသော အလုပ်အကိုင်ရာထူးနေရာတွင် မှုလဒေါ်ပုံကော်ဖော်စက်ရုံဝင်းအတွင်းရှိ ကုမ္ပဏီ၏ အခြားလုပ်ငန်းဌာနများတွင် ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးထုတ်ပေးရန် ဆုံးဖြတ်ခဲ့သည်။

အလုပ်ရှင်ကုမ္ပဏီနှင့် အလုပ်သမားတို့အကြား ၁-၁၀-၂၀၁၅ မှ ၃၀-၉-၂၀၁၆ ရက်နေ့ထိ(၁)နှစ်သက်တမ်းချုပ်ဆိုသော အလုပ်ရှင်အလုပ်သမားခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ၁-၁၀-၂၀၁၅ ရက်နေ့က ချုပ်ဆိုခဲ့ကြသည်။

အလုပ်ရှင်ကုမ္ပဏီက ဝန်ထမ်းများဘဝတိုးတက်စေရေးနှင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းအထောက်အကူပြုစေရေးအတွက် ယင်းစက်ရုံဝင်းမြေအတွင်းတွင် အခြားစီးပွားရေးလုပ်ငန်းပြောင်းလဲလုပ်ကိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို တိုင်းစိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)သို့ စာဖြင့် ၂၀-၁၁-၂၀၁၅ ရက်နေ့ကတင်ပြခဲ့သည့်ပြင် စက်ပစ္စည်းများပြောင်းရွှေ့ပြီး ဝန်ထမ်းများနေထိုင်ရေးအဆင်ပြေစေရန်နှင့် ပင်မစက်ရုံနှင့် အခြားလုပ်ငန်းများဆောင်ရွက်သည့်အခါ သင့်လျော်သောနေရာများတွင် လိုအပ်သည့်အရေအတွက်အတိုင်း ဝန်ထမ်းများခန့်ထားပေးရန် အချက်များပါသည့် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်ကို ၂၇-၁၁-၂၀၁၅ ရက်နေ့တွင် အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌ အပါအဝင် အလုပ်သမားများကလက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

အလုပ်ရှင်ကုမ္ပဏီက ၃၀-၈-၂၀၁၆ ရက်စွဲဖြင့် လုပ်သားအင်အား ၁၆၂ ဦးကို ၃၀-၉-၂၀၁၆ နေ့မှစ၍ လျှော့ချမည်ဖြစ်ကြောင်း အကြောင်းကြားမှုသည် အလုပ်ရှင်အလုပ်သမားခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်၏ စာချုပ်သက်တမ်းကာလအတွင်း လုပ်သားအင်အားလျှော့ချမှုပြုခြင်းသာမက ၁-၁၀-၂၀၁၅ ရက်စွဲပါ အလုပ်ရှင်၊ အလုပ်သမားတို့ သဘောတူညီချက်ပါ အချက်များကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။

Capital Development Limited နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာနတို့သည် ၂၇-၁၂-၂၀၁၁ ရက်နေ့ကချုပ်ဆိုသည့် သဘောတူစာချုပ်အပိုဒ် ၃(က နှင့် ခ) အရ စက်ရုံတည်နေရာမြေဧရိယာ ၃၉.၈၃၉ ဧကနှင့် စက်ရုံပေါ်ရှိ အဆောက်အဦအားလုံးကို ငှားရမ်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အပိုဒ် ၁ တွင် ငှားရမ်းခြင်း၏ရည်ရွယ်ချက်ကိုဖော်ပြထားရာ၌ နိုင်ငံတော်၏ အကျိုးအမြတ်ရရှိစေရန်၊ ပုဂ္ဂလိကအခန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်၍ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်ရန်၊ ဂုန်လျှော်ဖြင့်ပြုလုပ်သော ခေတ်မီကုန်ပစ္စည်းထုတ်လုပ်နိုင်ရန် ကုန်ကြမ်းစက်မှုသီးနှံစိုက်တောင်သူများ တွက်ခြေကိုက်သည့်ဈေးနှုန်းမြင့်စေရန်၊ ဝန်ထမ်းများလစာနှင့် အခွင့်အလမ်းရရှိစေရန်နှင့် ပင်မစက်ရုံလုပ်ငန်းသာမက အခြားလုပ်ငန်းများကို ဝန်ကြီးဌာနခွင့်ပြုချက်ရယူလုပ်ကိုင်စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်ဖြစ်ကြောင်းဖော်ပြထားသည်။

အလုပ်ရှင်ကုမ္ပဏီအနေဖြင့် စက်မှုကုန်ကြမ်းအခက်အခဲကြောင့် ကုန်ထုတ်လုပ်မှုရပ်ဆိုင်းခဲ့သည်ဆိုသော်လည်း ကော်ဓာပစ္စည်းစက်ရုံ ငှားရမ်းခြင်းကို ရပ်စဲခြင်းမပြုသေးပေ။ အလုပ်ရှင်ကုမ္ပဏီသည် ၂၆-၁-၂၀၁၆ ရက်စွဲပါမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်အရ စားသောက်ကုန်များ၊ စိုက်ပျိုးရေးအခြေခံသစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များသန့်စင်ခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ငှားရမ်းခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ငန်းအမျိုးအစားတို့အား စက်ရုံဝင်းအတွင်းတွင် လုပ်ကိုင်ခွင့်ရရှိခဲ့သည်။

ယင်းသို့ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆိုပါကော်ဓာပစ္စည်းစက်ရုံဝင်း အတွင်းလုပ်ကိုင်ခွင့်ရရှိခဲ့သော်လည်း ဝန်ထမ်းများကို ယင်းလုပ်ငန်းများတွင် သင့်လျော်သော နေရာ၌ခန့်ထားပေးခြင်းမရှိဘဲ လုပ်သားအင်အားလျှော့ချခြင်းသည် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့တို့ချုပ်ဆိုသည့် ၂၇-၁၁-၂၀၁၅ ရက်စွဲပါ သဘောတူညီချက်ကို ချိုးဖောက်ရာရောက်သည်။

ခုံသမာဓိအဖွဲ့က အလုပ်သမားများအား ကုမ္ပဏီ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်အရ ဆက်လက်လုပ်ကိုင်သည့်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့သည်။ အလုပ်ရှင်ကုမ္ပဏီသည် ၂၆-၁-၂၀၁၆ ရက်နေ့က အဆိုပါဒေါပုံကော်ဓာစက်ရုံဝင်း အတွင်းတွင် အခြားလုပ်ငန်းများလုပ်ကိုင်ခွင့်ရရှိခဲ့သဖြင့် ခုံသမာဓိကောင်စီက ၎င်းလုပ်ပိုင်ခွင့် ရရှိခဲ့သော ဒေါပုံကော်ဓာပစ္စည်းစက်ရုံဝင်းအတွင်းရှိ ကုမ္ပဏီ၏အခြားလုပ်ငန်းဌာနများတွင် ပြန်လည်ခန့်ထားရန် နေရာရည်ညွှန်းဖော်ပြ၍ဆုံးဖြတ်ခြင်းသည် ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက် ထက် အလုပ်ရှင်အား ပိုမိုနစ်နာစေသည့်ဆုံးဖြတ်ချက်ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့က ကုမ္ပဏီနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ချုပ်ဆိုသော ၂၇-၁၂-၂၀၁၁ စာချုပ် ချုပ်ဆိုသည့်ရည်ရွယ်ချက်၊ ကုမ္ပဏီနှင့် အလုပ်သမားအဖွဲ့တို့၏ ၂၇-၁၁-၂၀၁၅ ရက်စွဲပါသဘောတူညီချက်နှင့် ကုမ္ပဏီမှ အဆိုပါစက်ရုံဝင်းအတွင်း အခြားရင်းနှီးမြှုပ်နှံမှုများလုပ်ကိုင်ရန် လျှောက်ထားစဉ်က ဝန်ထမ်းများအလုပ်အကိုင်အခွင့်အလမ်းပိုမိုဖန်တီးပေးရန် ဖော်ပြချက်တို့ကို ထည့်သွင်းသုံးသပ်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅ နှင့်အညီ အလုပ်ရှင် အလုပ်သမားနှစ်ဖက်မျှတစေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့သည် အထက်ပါအတိုင်းလူမှုရေး၊ တရားမျှတမှု၊ သာတူညီမျှမှုဖြစ်ရေး၊ စိတ်စေတနာများအပေါ် အလေးထားစဉ်းစားဆုံးဖြတ်ခဲ့ခြင်းသည် ပေးအပ်ထားသော စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန်ဆုံးဖြတ်သည်ဟုဆိုနိုင်မည် မဟုတ်ကြောင်း သုံးသပ်ရရှိသည်။

ထို့ကြောင့် တရားမအထွေထွေလျှောက်ထားမှုအား ပယ်ကြောင်း အမိန့်ချမှတ်သည်။

စရိတ်မသတ်မှတ်။

(ဦးထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

(ဦးမျိုးတင့်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(ဦးသာဧွေး)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

"မိတ္တူမှန်"

(မျိုးမင်း)
လက်ထောက်ညွှန်ကြားရေးမှူး
စာချွန်တော်ဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### ထုံးပုံကျအပြီးသတ်အမိန့်

၂၀၁၇ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၄၆

| လျှောက်ထားသူများ | | လျှောက်ထားခံရသူများ |
|---|---|---|
| ၁။ ဦးကိုကိုကြီး(ခ) ဦးစိုးနိုင်<br>၂။ ဦးထွန်းမြတ်ရှိန်<br>၃။ ဒေါ်ရတနာဦး<br>(လျှောက်ထားသူ ၂၊၃ ကိုယ်တိုင်နှင့် လျှောက်ထားသူ ၁ အတွက်ကိုယ်စားလှယ် စာရသူများ) | နှင့် | ၁။ ခုံသမာဓိကောင်စီ<br>၂။ ခုံသမာဓိအဖွဲ့<br>၃။ ဒေါ်အေးအေးအောင်<br>၄။ ဒေါ်နီနီနွယ်<br>၅။ ဒေါ်ကြည်ကြည်လှဲ<br>၆။ ဒေါ်ခင်သူမြင့်<br>၇။ ဦးမိုးကျော်သူ<br>၈။ ဦးအောင်ကိုဦး<br>၉။ ဒေါ်ခင်ဝင်းမြင့်<br>၁၀။ ဒေါ်စုစုကြင်<br>၁၁။ ဒေါ်ဝင်းဝင်းမာ<br>၁၂။ ဒေါ်မိုးမိုးမြင့်<br>၁၃။ ဒေါ်ဝါဝါလွင်<br>၁၄။ ဒေါ်သန်းသန်းအေး<br>၁၅။ ဒေါ်ခင်ခင်ဝင်း<br>၁၆။ ဒေါ်ဘေဘီမျိုးပပဟန်<br>၁၇။ ဒေါ်သိန်းသိန်းရီ<br>၁၈။ ဒေါ်အေးအေးသိန်း<br>၁၉။ ဒေါ်ခင်ဆွေဆွေဦး<br>၂၀။ ဒေါ်သန်းသန်းရွှေ<br>စာမျက်နှာ ၃ နှင့် ၄ သို့ |

### လျှောက်ထားချက်

လျှောက်ထားသူ ဦးကိုကိုကြီး(ခ) ဦးစိုးနိုင်ပါ -၃ ဦးက ခုံသမာဓိကောင်စီ၊ နေပြည်တော် ပါ -၁၃၄ ဦးတို့အပေါ် ပြည်ထောင်စုတရားစီရင် ရေးဥပဒေပုဒ်မ ၁၆(က)(၅) အရ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့် ပေးပါရန်လျှောက်ထားခြင်း။

လျှောက်ထားသည့်နေ့စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့။

အမိန့်ချမှတ်သည့်နေ့စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့။

### အမိန့်

တရားမအထွေထွေလျှောက်ထားမှု အားပယ်ကြောင်းအမိန့်ချမှတ်သည်။

စရိတ်မသတ်မှတ်။

စံအမှတ် ၆၅။



## စရိတ်များ။

| | လျှောက်ထားသူ | | လျှောက်ထားခံရသူ | |
|---|---|---|---|---|
| | ကျပ် | ပြား | ကျပ် | ပြား |
| ၁။ အမိန့်ဆင့်စာခမပါဘဲရုံးခွန်တော် - - - | ၅၀၀ | - | - | - |
| ၂။ အမိန့်ဆင့်စာခ - - - | ၅၃၆၀၀ | - | - | - |
| ၃။ သက်သေများစရိတ်ငွေ - - - | - | - | - | - |
| ၄။ ရှေ့နေခ - - - | - | - | - | - |
| ၅။ အထွေထွေစရိတ်များ(ကော်မရှင်အခ အစရှိသည့်စရိတ်များ) - - - | - | - | - | - |
| ၆။ ပေါင်း - - - | ၅၄၁၀၀ | - | - | - |
| ၇။ အနိုင်ရသူအမှုသည်သို့ပေးသောစရိတ် - - | | | | |

(၁)(၂)အတွက်
ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ
ညွှန်ကြားရေးမှူး ဒေါ်ယုယုခင်
(၃ မှ ၆၂၊ ၆၄ မှ ၁၀၅၊ ၁၀၇ မှ ၁၃၄)ထိ
တရားလွှတ်တော်ရှေ့နေ
ဦးမောင်မောင်စိုး။
(၆၃ နှင့် ၁၀၆)ကိုယ်တိုင်များ(မလာ)။

အမှတ်(၂) ကိုယ်တိုင်

လျှောက်ထားသူရှေ့နေ။ လျှောက်ထားခံရသူရှေ့နေ။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့။

"မိတ္တူမှန်"

(မျိုးမင်း)
လက်ထောက်ညွှန်ကြားရေးမှူး
စာချုပ်တော်ဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

( မျိုးမင်း )
လက်ထောက်ညွှန်ကြားရေးမှူး

လက်မှတ်ထိုးသည့်နေ့စွဲ။

| လျှောက်ထားသူများ | လျှောက်ထားခံရသူများ | |
|---|---|---|
| | ၂၁။ ဒေါ်ခိုင်ခိုင်ဝင်း | ၂၂။ ဒေါ်သူဇာမြင့် |
| | ၂၃။ ဦးနိုင်ဝင်းဖော် | ၂၄။ ဦးအောင်သန်းထူး |
| | ၂၅။ ဦးကျော်ကျော် | ၂၆။ ဦးမောင်နု |
| | ၂၇။ ဒေါ်တင်တင်ရှိန် | ၂၈။ ဒေါ်စန်းစန်းမော် |
| | ၂၉။ ဒေါ်မြမြညွန့် | ၃၀။ ဦးမင်းဖော်ထွန်း |
| | ၃၁။ ဦးစိုးနိုင် | ၃၂။ ဒေါ်စီစီအောင် |
| | ၃၃။ ဒေါ်ဖြူဖြူဝင်း | ၃၄။ ဒေါ်ချစ်ချစ်ဝေ |
| | ၃၅။ ဒေါ်ခင်မာကြူ | ၃၆။ ဒေါ်နွဲ့နွဲ့အေး |
| ၁။ ဦးကိုကိုကြီး(ခ) နှင့် | ၃၇။ ဒေါ်တင်တင်မြင့် | ၃၈။ ဒေါ်ခင်မေဦး |
| ဦးစိုးနိုင် | ၃၉။ ဒေါ်ချိုချိုဝင်း | ၄၀။ ဒေါ်ခင်ခင်ဦး |
| ၂။ ဦးထွန်းမြတ်ရှိန် | ၄၁။ ဒေါ်မြရွှေ | ၄၂။ ဒေါ်သီသီစိန် |
| ၃။ ဒေါ်ရတနာဦး | ၄၃။ ဒေါ်ကျင်ကျင်မြ | ၄၄။ ဒေါ်မြင့်မြင့်ရီ |
| (လျှောက်ထားသူ | ၄၅။ ဒေါ်ရီရီဝင်း | ၄၆။ ဒေါ်မိုးမိုးသိန်း |
| ၂၊၃ ကိုယ်တိုင်နှင့် | ၄၇။ ဒေါ်လှလှအေး | ၄၈။ ဒေါ်မိမိရီ |
| လျှောက်ထားသူ ၁ | ၄၉။ ဒေါ်အေးအေးမော် | ၅၀။ ဒေါ်မြင့်မြင့်မော် |
| အတွက်ကိုယ်စား | ၅၁။ ဒေါ်ပြုံး | ၅၂။ ဒေါ်သီတာအောင် |
| လှယ်စာရသူများ) | ၅၃။ ဒေါ်ခင်စန်းမြင့် | ၅၄။ ဒေါ်သန်းသန်းမော် |
| | ၅၅။ ဒေါ်အေးအေးဝင်း | ၅၆။ ဒေါ်ခင်မာရီ |
| | ၅၇။ ဒေါ်မိုးမိုးဝင်း | ၅၈။ ဒေါ်အေးအေးသန့် |
| | ၅၉။ ဒေါ်မြမြမွန် | ၆၀။ ဒေါ်မြင့်မြင့်သန်း |
| | ၆၁။ ဒေါ်မြဝေ | ၆၂။ ဒေါ်ဝင်း |
| | ၆၃။ ဒေါ်မြင့်ခင် | ၆၄။ ဒေါ်ရွှေရွှေမြိုင် |
| | ၆၅။ ဒေါ်စိန်သန်း | ၆၆။ ဦးထွေးသိန်း |
| | ၆၇။ ဒေါ်အေးအေးဝင်း | ၆၈။ ဒေါ်အုန်းမြင့်ကြည် |
| | ၆၉။ ဒေါ်သန်းသန်းဝင်း | ၇၀။ ဒေါ်မြမြသန်း |
| | ၇၁။ ဒေါ်ခင်မာဆွေ | ၇၂။ ဒေါ်သန်းသန်းရွှေ |
| | ၇၃။ ဒေါ်တင်တင်စိုး | ၇၄။ ဒေါ်ခင်ပြုံး |
| | ၇၅။ ဒေါ်နီနီအောင် | ၇၆။ ဒေါ်ခင်သန်းရီ |
| | ၇၇။ ဒေါ်လှလှသန်း | ၇၈။ ဒေါ်ယဉ်ယဉ်နု |
| | ၇၉။ ဒေါ်သန်းသန်းဝေ | ၈၀။ ဒေါ်မြင့်မြင့်ဝေ |
| | ၈၁။ ဒေါ်ကြူကြူဝင်း | ၈၂။ ဒေါ်သိန်းနွဲ့ |
| | ၈၃။ ဒေါ်ဝင်းကြည် | ၈၄။ ဒေါ်တင်တင်စိန် |
| | ၈၅။ ဒေါ်ရွှေရွှေမြင့် | ၈၆။ ဒေါ်ခင်ဝင်းမော် |
| | ၈၇။ ဒေါ်သက်သက် | ၈၈။ ဒေါ်သီတာ |
| | ၈၉။ ဒေါ်ခင်ကြူမြင့် | ၉၀။ ဒေါ်စန္ဒာဝင်း |
| | ၉၁။ ဒေါ်တင်အေး | ၉၂။ ဒေါ်သန္တာမြင့် |
| | ၉၃။ ဒေါ်မြင့်မြင့်စိန် | ၉၄။ ဒေါ်ကြွယ်ကြွယ်မော် |
| | ၉၅။ ဒေါ်ဝင်းသန္တာစိုး | ၉၆။ ဒေါ်သင်းသင်းအောင် |
| | ၉၇။ ဒေါ်ခင်မာချို | ၉၈။ ဒေါ်ခင်သန်းမြင့် |
| | ၉၉။ ဒေါ်ခင်သက်မော် | ၁၀၀။ ဒေါ်နီ |

၁။ ဦးကိုကိုကြီး(ခ)
ဦးစိုးနိုင်
၂။ ဦးထွဋ်မြတ်ရှိန်
၃။ ဒေါ်ရတနာဦး နှင့်
(လျှောက်ထားသူ
၂၃ ကိုယ်တိုင်နှင့်
လျှောက်ထားသူ ၁
အတွက်ကိုယ်စား
လှယ်စာရေးသူများ)

| | |
|---|---|
| ၁၀၁။ ဒေါ်နွယ်နွယ်ဦး | ၁၀၂။ ဒေါ်ခင်စုမြင့် |
| ၁၀၃။ ဒေါ်ယုဝါလှိုင် | ၁၀၄။ ဒေါ်တင်တင်ထွေး |
| ၁၀၅။ ဒေါ်အုန်းညွန့် | ၁၀၆။ ဒေါ်အေးအေးမူ |
| ၁၀၇။ ဒေါ်သီသီနိုင် | ၁၀၈။ ဒေါ်တင်တင်မြ |
| ၁၀၉။ ဒေါ်အုန်းလှ | ၁၁၀။ ဒေါ်အေးနွဲ့နွဲ့ကြည် |
| ၁၁၁။ ဒေါ်မြမြမိုး | ၁၁၂။ ဒေါ်ကြူကြူသင်း |
| ၁၁၃။ ခင်စိုးတင့် | ၁၁၄။ ဒေါ်ခင်ညို |
| ၁၁၅။ ဒေါ်ခင်သိန်းမြင့် | ၁၁၆။ ဒေါ်ခင်မြင့်ရှိန် |
| ၁၁၇။ ဒေါ်လှလှမော် | ၁၁၈။ ဒေါ်ခင်ရှင် |
| ၁၁၉။ ဒေါ်ခင်ရွှေရွှေမြင့် | ၁၂၀။ ဒေါ်မိရွှေကြည် |
| ၁၂၁။ ဒေါ်ကြူကြူခင် | ၁၂၂။ ဒေါ်ယဉ်ယဉ်ရှို |
| ၁၂၃။ ဒေါ်နိုင်ဇာဦး | ၁၂၄။ ဒေါ်ခင်စန်းရီ |
| ၁၂၅။ ဦးဇော်ဝင်း | ၁၂၆။ ဒေါ်အေးအေးချို |
| ၁၂၇။ ဒေါ်မိစန်းစန်းမြင့် | ၁၂၈။ ဒေါ်ခင်စန်းဝေ |
| ၁၂၉။ ဒေါ်သန်းလှ | ၁၃၀။ ဒေါ်ချောစုစုလိုင်း |
| ၁၃၁။ ဒေါ်မေဇင်ဦး | ၁၃၂။ ဒေါ်တင်တင်ဝင်း |
| ၁၃၃။ ဒေါ်မြင့်ကြည် | ၁၃၄။ ဒေါ်ဇင်ဇင်ထွေး |

(လျှောက်ထားခံရသူ ၃ ကိုယ်တိုင်နှင့် လျှောက်ထားခံရသူ
၄ မှ ၁၃၄ အတွက် ကိုယ်စားလှယ်စာရေးသူ)

လျှောက်ထားသူများ

လျှောက်ထားခံရသူများ